# လူမှုရေးလုပ်ငန်းနှင့်ပတ်သက်သော ဝန်ဆောင်မှုများ

သင်အခက်အခဲတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေပါက မိမိတို့၏ လူမှုရေးလုပ်သားများက သင့်ကို အကူအညီပေးနိုင်သည်။

## ဘယ်လို အကူအညီတွေ ပေးသလဲ

မိမိတို့ လူမှုရေးလုပ်သားများဟာ

- အချိန်ကာလတို နှစ်သိမ့်ဆွေးနွေးမှုများ ပြုလုပ်ပေးခြင်း၊
- သတင်းအချက်အလက်များ အသိပေးနှင့်
- အထောက်အကူပြုဌာနများသို့ ရည်ညွှန်းခြင်း၊ လွှဲပြောင်းပေးခြင်း စသည်တို့တွင် ကူညီဆောင်ရွက် ပေးနိုင်သည်။

## ဘယ်သူတွေကို အကူအညီပေးသလဲ

တစ်ဦးတစ်ယောက်ထံ အကူအညီ တောင်းခံရန်လိုအပ်သည်ဟု မိမိအနေဖြင့် ခံစားသိရှိနေပါက မိမိတို့ရဲ့ လူမှုရေးလုပ်သားများက သင့်ကို အကူအညီပေးနိုင်ပြီး အောက်ပါအကြောင်းအရာ များ နှင့်ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်နိုင်သည်-

- မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုများ၊
- မိမိကိုယ်ကိုယ် သတ်သေရန် (သို့မဟုတ်) ထိခိုက်ဒဏ်ရာရအောင် ကြံစည်မှုများ၊
- အထောက်အပံ့ အကူအညီမရှိသည့် ငယ်ရွယ်သူ ဖြစ်နေခြင်းကိစ္စ၊
- ကိုယ်ရေးကိုယ်တာ (သို့မဟုတ်) မိသားစု အခက်အခဲ များ၊
- စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် ပတ်သက်ပြီး စိုးရိမ်မှုများ နှင့်
- သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ခံစားနေမှုများ၊

## အကြမ်းဖက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခြင်း

မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခံစားနေရပါက မိမိတို့ရဲ့လူမှုရေးလုပ်သားများက သင့်အား အောက်ပါဝန်ဆောင်များ ရရှိအောင် ကူညီဆောင်ရွက်ပေးနိုင်သည်-

- မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ ဝန်ဆောင်မှုများ၊
- အရေးပေါ် တည်းခိုနေထိုင်ရေးနှင့် အိမ်ရာ ဝန်ဆောင်မှုများ၊
- ငွေရေးကြေးရေး အကူအညီများ၊

- နှစ်သိမ့်ဆွေးနွေးမှုများ၊
- ကျန်းမာရေးဝန်ဆောင်မှုများနှင့်
- ဥပဒေရေးရာနှင့်ဆိုင်သော ဝန်ဆောင်များ

## စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး

သင်သည် အောက်ပါအခြေအနေ တစ်ခုခု
ခံစားနေပါက စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့်ပတ်သက်သော အထောက် အပံ့၊ ဝန်ဆောင်မှုများ ရရှိအောင် လူမှုရေးလုပ်သားများက အကူအညီပေးနိုင်ပါသည်-

- စိတ်ဓါတ်ကျရောဂါ ခံစားနေရခြင်း၊
- စိုးရိမ်ပူပန်မှု ခံစားနေရခြင်း၊
- မိမိကိုယ်ကို သတ်သေရန် (သို့မဟုတ်) ထိခိုက်ဒဏ်ရာရအောင် ကြံစည်ခြင်းများ၊
- စိတ်ရောဂါရှိသူ (သို့မဟုတ်) စိတ်ဖောက်ပြန်သူများ

## ကျွမ်းကျင်မှုရှိခြင်းနှင့် အရည်အချင်း ပြည့်မီခြင်း

မိမိတို့ရဲ့ လူမှုရေးလုပ်သားများသည် လူမှုရေးလုပ်ငန်းဆိုင်ရာ ဘွဲ့ဒီဂရီအသိအသိ ရရှိထားသူများဖြစ်သည့်အပြင် ၄င်းတို့၏ ဝန်ဆောင်မှုကိုလည်း အခမဲ့ ဖြင့် ကူညီဆောင်ရွက်ပေးသည်။

ဌာနသည် Australian Association of Social Workers နှင့်တိုင်ပင်ပြီး ကျွမ်းကျင်မှုစံနှုန်း အဆင့်မြင့်ဆုံး ဖြစ်အောင် ထိန်းသိမ်းထားလျက်ရှိသည်။

## သင့်အချက်အလက်များ လျှို့ဝှက်ပေးခြင်း

သင့်အချက်အလက်များ လျှို့ဝှက်ပိုင်ခွင့်ရှိရေးကို မိမိတို့မှ အစဉ်လေးစားလိုက်နာသည်။ သင်ပေးတဲ့ မည်သည့် အချက်အလက်များကိုမဆို မိမိတို့၏ လျှို့ဝှက်မှုပေါ်လစီနှင့်အညီ ကိုင်တွယ်ဆောင်ရွက်သည်။

မိမိတို့ရဲ့ လူမှုရေးလုပ်သားများက အထောက်အကူပြုဌာန တစ်ခုခုထံသို့ ရည်ညွှန်းလွှဲပြောင်းပေးနိုင်ပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် သင်၏အချက်အလက်များကို သင်၏ ခွင့်ပြုချက်အရ (သို့မဟုတ်) လိုအပ်ချက်အရ (သို့မဟုတ်) ဥပဒေ လွှဲအပ်ချက်အရ သာ လွှဲပြောင်းပေးနိုင်သည်။

## လူမှုရေးလုပ်သားအား ဘယ်လိုဆက်သွယ်နိုင်သလဲ

လူမှုရေးလုပ်သားအား အင်္ဂလိပ်ဘာသာစကားဖြင့် ပြောဆိုလိုပါက Centrelink employment services line ထံ တယ်လီဖုန်းနံပါတ် **132 850** သို့ခေါ်ဆိုပြီး၊ လူမှုရေးလုပ်သားတစ်ဦးဦးအား ဆက်သွယ်စကား ပြောဆိုလိုကြောင်း မေတ္တာရပ်ခံနိုင်ပါသည်။

သို့မဟုတ်ပါက ဝန်ဆောင်မှုစင်တာ သို့သွားရောက်ကာ၊ လူမှုရေးလုပ်သားတစ်ဦးဦးအား တွေ့ဆုံပြောဆိုလိုကြောင်းလည်း မေးမြန်းနိုင်ပါသည်။

ထိုသို့သွားရာတွင် သူနှင့်အတူ မိသားစုဝင် (သို့မဟုတ်) သူငယ်ချင်း တစ်ဦးဦးကို တစ်ပါတည်းခေါ်ဆိုနိုင်သည်။

## စကားပြန်များ

စကားပြန် လိုအပ်ပါက ပြောပါ၊ သင့်အတွက် စကားပြန် စီစဉ်ပေးပါမည်။ မိမိတို့ရဲ့ စကားပြန်များသည် လိုက်နာရမည့် ကိုယ်ကျင့်တရားကျင့်ဝတ်ကို စောင့်ထိန်းရသည်။

## အချက်အလက်များ ပိုမိုသိရှိလိုပါက

- အင်္ဂလိပ်ဘာသာဖြင့် အချက်အလက်များ ပိုမိုသိရှိလိုပါက **humanservices.gov.au/social-work-services** **သို့ ဝင်ရောက်ကြည့်ရှု**နိုင်သည်။
- သင့်ဘာသာစကားဖြင့် ဖတ်ရှု၊ နားထောင်၊ ကြည့်ရှုလိုပါက **humanservices.gov.au/yourlanguage** သို့ ဝင်ရောက်ကြည့်ရှုနိုင်သည်။
- Centrelink နှင့်ပတ်သက်တဲ့ ငွေပေးချေခြင်းနှင့် ဝန်ဆောင်များ အကြောင်းကို သင့်ဘာသာစကားဖြင့် ပြောဆိုလိုပါက တယ်လီဖုန်းနံပါတ် **131 202** သို့ ဆက်သွယ်ခေါ်ဆိုနိုင်သည်။
- Medicare နှင့် Child Support နှင့်ဆိုင်သော ငွေပေးချေခြင်းများနှင့် ဝန်ဆောင်မှုများ အကြောင်းကို သင့်ဘာသာစကားဖြင့် ပြောဆိုလိုပါက Translating and Interpreting Service (TIS National) ထံ တယ်လီဖုန်း နံပါတ် **131 450** သို့ ဆက်သွယ်ခေါ်ဆိုနိုင်သည်။
- ဝန်ဆောင်မှုစင်တာသို့ သွားရောက်မေးမြန်းနိုင်သည်။

မှတ်ချက်။။ ဩစတြေးလျနိုင်ငံ မည်သည့်နေရာကနေမဆို သင်၏အိမ်ဖုန်းမှ '13' နံပါတ်များသို့ ဆက်သွယ်ခေါ်ဆိုပါက ပုံသေနှုန်းထားအတိုင်း ပေးဆောင်ရပြီး၊အခဆိုပါနှုန်းထားသည် ပြည်တွင်းဖုန်းခေါ်ဆိုမှု ဈေးနှုန်း နှင့် တယ်လီဖုန်းကုမ္ပဏီများ အပေါ်မူတည်၍ ကွာခြားနိုင်ပါသည်။ သင်၏ အိမ်ဖုန်းမှ '1800' နံပါတ်များသို့ ခေါ်ဆိုပါက အခမဲ့ ပြောဆိုနိုင်သည်။ အများပိုင်ဖုန်း (သို့မဟုတ်) မိုဘိုင်းဖုန်းမှ ခေါ်ဆိုပါက သုံးစွဲသည့်အချိန်အပေါ် မူတည်၍ ပေးဆောင်နိုင်ဖွယ်ရှိပြီး နှုန်းထားမှာလည်း ပိုမိုမြင့်မားပါသည်။

## မသက်ဆိုင်ကြောင်း ရှင်းလင်းချက်

ယခုပါရှိသော အချက်အလက်များသည် ငွေပေးချေခြင်းနှင့် ဝန်ဆောင်မှုများအပေါ် လမ်းညွှန်ပေးနိုင်ရန်အတွက်သာ ရည်ညွှန်းရွယ်ထုတ်ဝေထားခြင်း ဖြစ်ပါသည်။ သင်မှ ငွေပေးချေခြင်းအတွက် ဆောင်ရွက်မည့်ကိစ္စများ၊ အကြောင်းအရာ ကိစ္စတစ်ခုခု လျှောက်ထားမည့်ကိစ္စများ စသည့်အပေါ် ဆုံးဖြတ်ချက်ချခြင်းသည် သင်၏တာဝန်သာ ဖြစ်သည်။

ENGLISH

# Social work services

If you are going through a difficult time our social workers can help you.

## How we help

Our social workers can help you with:

- short term counselling
- information, and
- referral to support services.

## Who we help

Our social workers can help you when you feel you need someone to turn to for support.

You can talk to them about:

- family and domestic violence
- thoughts of suicide or self-harm
- being a young person without support
- a personal or family crisis
- mental health concerns, and
- being affected by a natural disaster.

## Experiencing violence

If you are experiencing family and domestic violence our social workers can help you access:

- family and domestic violence services
- emergency accommodation and housing support
- financial help
- counselling
- health services, and
- legal services.

## Mental health

Our social workers can help you access mental health support services if you:

- feel depressed
- feel anxious
- are experiencing thoughts of suicide or self-harm, or

- have a mental illness or disorder.

## Trained and qualified

All our social workers hold a social work degree and provide their service for free.

We consult with the Australian Association of Social Workers to maintain the highest professional standards.

## Your privacy

We respect your right to privacy. We will treat any information you give us in line with our privacy policy.

Our social workers may refer you to a support service. They can only pass on information if you have agreed or if it's required or authorised by law.

## How to contact a social worker

To contact a social worker in English call the Centrelink employment services line on **132 850** and ask to speak to a social worker.

Or visit a service centre and ask to speak to a social worker.

You can bring a family member or a friend with you.

## Interpreters

If you need an interpreter, tell us and we will arrange one for you. Our interpreters follow a code of ethics. This means they won't tell anyone else what you've talked about.

## For more information

- go to **humanservices.gov.au/social-work-services** for more information in English
- go to **humanservices.gov.au/yourlanguage** where you can read, listen to or watch information in your language
- call **131 202** to speak with us in your language about Centrelink payments and services
- call the Translating and Interpreting Service (TIS National) on **131 450** to speak with us in your language about Medicare and Child Support payments and services
- visit a service centre.

Note: calls from your home phone to '13' numbers from anywhere in Australia are charged at a fixed rate. That rate may vary from the price of a local call and may also vary between telephone service providers. Calls to '1800' numbers from your home phone are free. Calls from public and mobile phones may be timed and charged at a higher rate.

## Disclaimer

The information contained in this publication is intended only as a guide to payments and services. It’s your responsibility to decide if you wish to apply for a payment and to make an application with regard to your particular circumstances.